# လူ့အခွင့်အရေးချိုးဖောက်မှုများအား

# မှတ်တမ်းတင်ခြင်း (မွမ်းမံ)

## သင်တန်းနည်းပြလက်စွဲ

ND-Burma

စာအုပ်အမည် – လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်း (မွမ်းမံ) သင်တန်းနည်းပြလက်စွဲ

မူပိုင်ခွင့် – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

ထုတ်ဝေသည့် ခုနှစ် – ၂၀၂၂ ခုနှစ် ဩဂုတ်လ။

www.nd-burma.org

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ၅ |
| ၂။ | **အခန်း(၁) ပြစ်မှုနောက်ခံအကြောင်းအရင်းများနှင့် ရာဇဝတ်မှု၏ အခြေခံအင်္ဂါရပ်များ** | ၇ |
| | အကြောင်းအရာနှင့် ဆက်စပ်သည့် ဇဟုသုတပေးခြင်း ၁ | ၈ |
| | အကြောင်းအရာနှင့် ဆက်စပ်သည့် ဇဟုသုတပေးခြင်း ၂ | ၉ |
| | ▶ လူသားဒိုင်းအသုံးပြုခြင်း | ၉ |
| | ▶ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း | ၁၀ |
| | ▶ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း | ၁၀ |
| | ▶ အစအနဖျောက်ပစ်ခြင်း | ၁၀ |
| | ▶ အတင်းအကျပ် မတရားဖမ်းဆီးခြင်း | ၁၁ |
| | ▶ သတ်ဖြတ်ခြင်း | ၁၁ |
| | ▶ ညှဉ်းပန်းနှိပ်စက်ခြင်း | ၁၁ |
| | ▶ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကိုချိုးဖောက်ခြင်း | ၁၂ |
| | လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း | ၁၂ |
| | လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း | ၁၃ |
| ၃။ | **အခန်း(၂) လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် မှတည်ပြီးမေးခွန်းများပြင်ဆင်ခြင်း** | ၁၄ |
| | အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း | ၁၅ |
| | (က) မတရားဖမ်းဆီးချုပ်နှောင်ခြင်း | ၁၅ |
| | (ခ) မတရားသတ်ဖြတ်ခြင်း | ၁၆ |
| | (ဂ) ညှဉ်းပန်းနှိပ်စက်ခြင်း | ၁၇ |
| | (ဃ) ပစ္စည်းဥစ္စာ သိမ်းယူဖျက်ဆီးခြင်း | ၁၈ |
| | လက်တွေ့မေးမြန်းမှုလုပ်ဆောင်ခြင်း | ၂၀ |
| | လူ့အခွင့်အရေးချိုးဖောက်မှုပေါ်လွင်စေရန် တည်ဆောက်ထားသည်မေးခွန်းများကို ခြုံငုံလေ့လာသုံးသပ်ခြင်း | ၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


လေလေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့ လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရဖြေရှာခြင်း၊ ၂၁

**၄။ အခန်း(၃) အမြင်ဆိုင်ရာအချက်အလက်များ စုစည်းမှတ်တမ်းတင်ခြင်း ၂၂**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဇဟုသုတပေးခြင်း ၂၃

- ကျူးလွန်ခံရသူ ၂၃
- မြေပြင်အနေအထား ၂၃
- အခြားသက်သေအထောက်အထား ၂၃
- သွားရောက်ရန်ခက်ခဲသည့် ဧရိယာများ စုံစမ်းခြင်း ၂၄
- ထောက်ခံချက်မှန်ကန်ကြောင်း အတည်ပြုရန် ကြိုးစားရန် ၂၄
- ဘယ်လိုလုပ်မှာလည်း ၂၄
- အမြင်ဆိုင်ရာအချက်အလက်ရယူရာတွင် အရေးပါသောသက်သေများ ၂၄
- သက်သေ ဓါတ်ပုံမှတ်တမ်းရယူခြင်း ၂၄

**၅။ အခန်း(၄) အစီရင်ခံစာရေးသားခြင်း ၂၆**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဇဟုသုတပေးခြင်း ၂၆

လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း ၂၇

**၆။ အခန်း (၅) အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ၂၉**

အကြောင်းအရာနှင့် ဆက်စပ်သည့် ဇဟုသုတပေးခြင်း ၃၀

လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း ၃၁

လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း ၃၂

# အမှာစာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ND-Burma အနေဖြင့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အ ရေးချိုးဖောက်မှုများ မှတ်တမ်းတင်သည့်လုပ်ငန်းကို ကွန်ရက်စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ကွန်ရက်အဖွဲ့ဝင်များ အခြေစိုက်ရာဒေသများသည် ပြည်တွင်းစစ်ဖြစ်ပွားရာ ဒေသများဖြစ်ပြီးတိုက်ပွဲများနှင့် နောက်ဆက်တွဲ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသကဲ့သို့ တချို့ ကွန်ရက်အဖွဲ့ဝင်များမှာ အကြောင်းအရာကို အခြေခံ၍ မှတ်တမ်းတင်နေသည့် အဖွဲ့များရှိသည်။

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်တလျှောက် တိုင်းရင်းသား ဒေသများရှိ ပြည်သူလူ ထုသည် စစ်ပွဲများ၏ အနိဋ္ဌာရုံနှင့် စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုကို နှစ်ပေါင်းများစွာ ခံစားကြရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ ပြည်သူလူထုအားလုံးမှာ စစ်အာဏာရှင်တို့၏ အပြင်းအထန် ဖိနှိပ်မှုနှင့် လူ့အခွင့်အ ရေးချိုးဖောက်မှုများကို ခံစားကြရသည်။

ထိုအခြေအနေတွင် စစ်အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ခြင်းဖြင့် နစ်နာခဲ့သူများအတွက် အမှန်တရားနှင့် တရားမျှတမှုဖော်ဆောင်နိုင်မည်ဖြစ်သည်။ထို့ကြောင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် လူ့အခွင့်အရေးမှတ်တမ်းတင် ခြင်းသင်တန်းနှင့် မြေပြင်တွင်လက်တွေ့ မှတ်တမ်းတင်ခဲ့သည့် အတွေ့အကြုံများ အပေါ် အခြေခံ၍ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း သင်တန်းနည်းပြ (အခြေခံ) ကို ခေတ်နှင့်အညီ မွမ်းမံ၍ ၂၀၂၂ ခုနှစ် ဇွန်လတွင် ထုတ်ခဲ့ပါသည်။

နောက်ဆက်တွဲအနေဖြင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း သင်တန်းနည်းပြ (မွမ်းမံ) ကိုလည်း ထပ်မံ ထုတ်ဝေလိုက်ပါသည်။

ယခု ထုတ်ဝေသည့် မွမ်းမံအဆင့်တွင် – နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်သည့် စစ်ရာဇဝတ်မှု (War Crime) ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု (Crime Against Humanity၊ လူမျိုးတုန်းသတ်ဖြတ်မှု (Genocide)၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အင်္ဂါရပ်များ (Elements of Crimes)၊ မေးခွန်းများပြင်ဆင်ခြင်း၊ အမြင်ဆိုင်ရာ အချက်အလက်များ စုစည်းမှတ်တမ်းတင်ခြင်း၊ မြေပြင်မှမှတ်တမ်း တင်ထားသည့် အချက်အလက်များအား ရေးသားပေးပို့ အစီရင်ခံခြင်းနှင့် အသွင်ကူး ပြောင်း ရေးဆိုင်ရာ တရားမျှတမှုအကြောင်းတို့ကို အလေးပေး ဖော်ပြထားပါသည်။

ယခု သင်တန်းနည်းပြလက်စွဲ ထုတ်ဝေနိုင်ရန် ကြိုးပမ်းပေးကြသော သင်တန်း အဖွဲ့နှင့် ပါဝင်ဆောင်ရွက်ကြသူအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

၂၀၂၂ ခုနှစ် ဩဂုတ်လ

# အခန်း (၁)

## ပြစ်မှုနောက်ခံအကြောင်းအရင်းများနှင့် ရာဇဝတ်မှု၏ အခြေခံအင်္ဂါရပ်များ

**ရည်ရွယ်ချက်များ**

- အခြေခံသင်တန်းတွင်လေ့လာခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၏ အင်္ဂါရပ်များကို ပြန်လည် မှတ်မိလာစေရန်။
- နိုင်ငံတကာ ရာဇဝတ်မှုများကို ခွဲခြားပြီး သိရှိလာစေရန်။

### လှုပ်ရှားမှု - ၁။ ၃၀ မိနစ်

လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများကို ပိုမိုသိရှိလာနိုင်စေရန် အဖွဲ့လိုက်လှုပ်ရှားမှုပြုလုပ်ပါ။

နည်းပြမှတ်ချက် - လှုပ်ရှားမှုပြုလုပ်ရန် https://wheelofnames.com/ ကိုသုံးပါ။

သင်တန်းသားများကို အောက်ပါပြစ်မှုနောက်ခံအကြောင်းရင်းနှင့်သက်ဆိုင်သည့် စာကြောင်းတိုများကို အလှည့် ကျမေးပြီး ဘယ်အရာက စစ်ရာဇဝတ်မှု (War Crime)၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု (Crime Against Humanity၊ လူမျိုးတုန်း သတ်ဖြတ်မှု (Genocide) မြောက်လဲဆိုသည့် အချက်ကို ဆွေးနွေးခိုင်းပါ။

- လက်နက်ကိုင်ပဋိပက္ခအတွင်း ချင်းပြည်နယ်က ရွာတစ်ရွာအား စစ်တပ်က မီးရှို့ခဲ့သည်။
- နေရပ်စွန့်ခွာသူများနေထိုင်သော နေရာသို့ ထောက်ပံ့ပေးရန်လာသော ယဉ်တန်းအား စစ်ကောင်စီ တပ်များက ကြားဖြတ်နှောက်ယှက်ဖျက်ဆီးခဲ့သည်။
- မော်လမြိုင်မြို့ရှိ သပိတ်တိုက်ပွဲများတွင် ရဲများနှင့် စစ်သားများက ဆန္ဒပြပြည်သူများကို ကျည်အစစ် များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။
- ကမ်းရိုးတန်းဒေသတစ်ခုတွင် နေထိုင်သော ဘာသာလူမျိုးများအား ထိုသူတို့နေထိုင်ရာဒေသမှ အတင်း နှင်ထုတ်ပြီး မထွက်ခွာပါက သတ်ဖြတ်မှုများ ကျူးလွန်ကြသည်။

- ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ကတ်သလစ်ဘုရားကျောင်းများကို စစ်ကောင်စီတပ်များက လက်နက်ကြီးများဖြင့် ပစ်ခတ် ဖျက်ဆီးခဲ့သည်။

- စစ်ကြောရေးစခန်းများတွင် ပြည်သူများအား ရဲများနှင့် စစ်သားများက ရက်စက်စွာ ရိုက်နှက်စစ်ဆေးမှုများ ကျူးလွန်နေသည်။

- ပြည်နယ်တစ်ခုတွင် ကလေးမွေးဖွားနှုန်းကို ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းပြီး ချာချာဘာသာဝင်များအား ကလေးမွေးဖွားခွင့်ကို ဥပဒေဖြင့် ကန့်သတ်ပိတ်ပင်လိုက်သည်။

- ကချင်ပြည်နယ်တွင် ကချင်တပ်မတော်နှင့် စစ်ကောင်စီတပ်များတိုက်ပွဲဖြစ်နေသည်၊ ရွာသားများကို စစ်ကောင်စီတပ်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်မှုများ ကျူးလွန်နေသည်။

- ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုတပ်ဖွဲ့တစ်ခုက ဒေသခံ ပြည်သူများကို ဖမ်းဆီး ပြီး ဆတ်ကြေးကောက်ခြင်း၊ နှိပ်စက်ခြင်းများ ကျူးလွန်နေသည်။

- စစ်ကောင်စီ၏ ရဲနှင့် စစ်သားများသည် တနိုင်ငံလုံးကို မီးဖြတ်၍ လူဖမ်းပွဲများကျင်းပနေသည်။

## အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၁။ ၂၅ မိနစ်

ကြီးလေးသော ရာဇဝတ်မှုများဖြစ်သည့် လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဆွေးနွေးတင်ပြရန်ဖြစ်သည်။

- သီးခြားမျိုးနွယ်စု၊ လူမျိုး၊ ဘာသာရေးအုပ်စု တစ်ခုခုကို တစ်စိတ်တပိုင်းဖြစ်စေ အားလုံးကို ဖြစ်စေ တမင်ရည်ရွယ်၍ သေကြေ၊ ထိခိုက် နစ်နာမှုများ လုပ်ဆောင်ပါက လူမျိုးတုန်း သတ်ဖြတ်မှုမြောက်သည်။

- မည်သည့်အရပ်သားလူထုကိုမဆို ဦးတည်၍ စနစ်တကျ တိုက်ခိုက်သော (သို့) ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်သော ကျူးလွန်မှုများသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ဖြစ်သည်။

- ပြည်တွင်းစစ်ဖြစ်စေ၊ နိုင်ငံတကာစစ်ပွဲဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခ ကာလအတွင်း မူဝါဒတစ်ခု၏အစိတ်အပိုင်းအနေဖြင့် ကျူးလွန်သောရာဇဝတ်မှုများ (သို့) ရည်ရွယ်ချက်ရှိရှိဖြင့် ကျယ်ပြန့်သော ပမာဏဖြင့် ကျူးလွန်မှုများသည် စစ်ရာဇဝတ်မှု ဖြစ်သည်။

**Break Time –** ၅ မိနစ်

**လှုပ်ရှားမှု – ၂။** ၃၀ မိနစ်

ကမ္ဘာပေါ်တွင် အဖြစ်များသည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု (၃) ခုအကြောင်း ဆွေးနွေးပြီးနောက်၊ ရာဇဝတ်မှု ချိုးဖောက်မှုတစ်ခုချင်းတွင်ပါဝင်သည့် ပြစ်မှုဆိုင်ရာအင်္ဂါရပ်များအကြောင်းကို ဆက်လက်ဆွေးနွေး ရန် အတွက် လှုပ်ရှားမှုပြုလုပ်ရမည်။

နည်းပြမှတ်ချက် – ရာဇဝတ်မှု ဇာတ်ညွှန်း (၈ခု) ပြင်ထားပါ။ သင်တန်းသားများကို အဖွဲ့လေးဖွဲ့ ခွဲ၍ ရာဇဝတ်မှုဇာတ်ညွှန်း နှစ်ခုစီကို ပေး၍ ပြစ်မှုမြောက်ရန် မည်သည့်အခြေခံအချက်အလက်၊ အင်္ဂါရပ်များ လိုအပ်မည်လဲ ဆိုသည်ကို ဆွေးနွေးခိုင်းပါ။ ထို့နောက်

- သင်တန်းသားများကို အဖွဲ့လိုက် ပြန်လည်တင်ပြစေပါ။
- လိုအပ်ချက်များကို နည်းပြက ဖြည့်စွက်ရှင်းပြပေးပါ။

## အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း – ၂။ ၃၀ မိနစ်

လှုပ်ရှားမှုပြီးသည့်နောက်တွင် ချိုးဖောက်မှုတစ်ခုချင်းစီ၏ ပြစ်မှုမြောက်ကြောင်း လိုအပ်သည့် အင်္ဂါရပ်များ အကြောင်းကို ဆွေးနွေးရမည်ဖြစ်သည်။ ချိုးဖောက်မှုအများအပြားရှိသည့်အထဲမှာ လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေတွင် အဖြစ်အများဆုံး ချိုးဖောက်မှု (၈) ခုအကြောင်းကို ဆွေးနွေးတင်ပြမည် ဖြစ်သည်။ အောက်တွင် ရာဇဝတ်မှုမြောက်ကြောင်း အင်္ဂါရပ်များကို ရာဇဝတ်မှုတစ်ခုချင်း စီအလိုက် ဖော်ပြထားပြီး လိုအပ်ပါက လူ့အခွင့် အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေပြီးဖြစ်သော လူ့အခွင့်အရေးမှတ်တမ်းပြုခြင်း လက်စွဲ စာစဉ်များ (၂၀၀၉) စာအုပ်တွင် လေ့လာကြည့်ရှုနိုင်သည်။

### ■ လူသားဒိုင်းအသုံးပြုခြင်း

- အရပ်သားများ၏ နေရာဒေသများကို ဝင်ရောက်နေရာယူခြင်း။
- စစ်ရေးဆိုင်ရာများကို တိုက်ခိုက်ခြင်း၊ အကာအကွယ်ပေးခြင်း၊ တားမြစ်ခြင်းများ ပြုလုပ်နိုင်စေ ရန်အလို့ငှာ ရည်ရွယ်အသုံးချခြင်း။
- လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်နေသည့် အခြေအနေကို သိရှိလျက်နှင့် ပြုလုပ်ခြင်း။

- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း**

- လူပုဂ္ဂိုလ်တစ်ဦးထက်ပို၍ သတ်ဖြတ်ခြင်း။
- အရပ်သားပြည်သူကို အစုလိုက် အများအပြားသတ်ဖြတ်ခြင်း။
- အရပ်သားပြည်သူလူထု ထိခိုက်နစ်နာအောင် စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း**

- ကျူးလွန်သူမှ လူတစ်ဦးတစ်ယောက်၏ သဘောတူညီချက်မရှိဘဲ သို့မဟုတ် စစ်မှန်သော သဘောတူညီချက်ပေးရန် မတတ်နိုင်သည့် အခြေအနေတွင် လိင်သဘောတရား ကျူးလွန်ရန် ကြိုးစားခြင်း။
- ကျူးလွန်သူမှ ၎င်းကိုယ်တိုင် ပါဝင်ပတ်သက်မှု မရှိဘဲ အခြားသူကျူးလွန်စေရန် ခိုင်းစေလုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **အစအနပျောက်ပစ်ခြင်း**

- လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို တရားမဝင်ချုပ်နှောင်ထားခြင်း သို့မဟုတ် အခြားတပါးသို့ ခေါ် ဆောင်သွားခြင်း။
- ခံရသူ၏ သဘောဆန္ဒမပါရှိခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

- အစအနေဖျောက်ပစ်ခြင်းနှင့် ပတ်သက်၍ အာဏာပိုင်များ၏ ငြင်းကွယ်မှု။

■ **အတင်းအကျပ် မတရားဖမ်းဆီးခြင်း**

- တစ်စုံတစ်ယောက်အား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် ကိုယ်ပိုင်လွတ်လပ်မှုကို ကင်းမဲ့စေခြင်း။
- ဥပဒေမဲ့ အကျဉ်းချထားခြင်းနှင့် စိုးရိမ်ဖွယ်ကောင်းသော နေရာသို့ ခေါ်ဆောင်သွားခြင်း။
- တရားဥပဒေမဲ့ လုပ်ဆောင်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **သတ်ဖြတ်ခြင်း**

- လူ့အသက်ကို သေစေခြင်း။
- တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **ညှဉ်းပန်းနှိပ်စက်ခြင်း**

- ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ပြင်းထန်စွာ နာကျင်စေခြင်း၊ သို့မဟုတ် ခံစားရစေခြင်း။
- သတင်းအချက်အလက်ရယူလိုခြင်း၊ ဝန်ခံစေခြင်း၊ အပစ်ပေးလိုခြင်း၊ ခြိမ်းခြောက်ခြင်း အစရှိသည့် ရည်ရွယ်ချက် အကြောင်းတစ်ခုခုရှိခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

■ **ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ခြင်း**

- ပုဂ္ဂလိက ပိုင်ဆိုင်မှုများကို ထိပါးနှောင့်ယှက်ခြင်း။
- တရားမဝင်ပြုလုပ်ဆောင်ရွက်ခြင်း။
- အစိုးရ၊ အစိုးရကဲ့သို့ အာဏာစွဲကိုင် လုပ်ဆောင်နေသော အဖွဲ့အစည်းများက ပါဝင်ပတ်သက်ခြင်း။

**Break Time – ၅ မိနစ်**

**လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း၊ ၄၀ မိနစ်**

ရာဇဝတ်မှုချိုးဖောက်မှုမြောက်ကြောင်း အခြေခံအချက်များ၊ အင်္ဂါရပ်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ဆန်းစစ်မှု ပြုလုပ်ရန်အတွက် သင်တန်းသားများကို အဖွဲ့ (၄)ဖွဲ့ခွဲပါ။

အဖွဲ့များကို အောက်ပါဖြစ်ရပ်တစ်ခုချင်းအလိုက် မေးခွန်းတစ်စုံစီပေး၍ ရာဇဝတ်မှုချိုးဖောက်မှု မြောက်ကြောင်း အခြေခံအချက်များ၊ အင်္ဂါရပ်များနှင့် ကိုက်ညီသည်အထိ မေးခွန်းများမေးမြန်း ထားခြင်း ရှိ၊ မရှိ စိစစ်ခိုင်းပါ။

**ဆွေးနွေးရန်အတွက် ပြင်ဆင်ထားရမည့် ဖြစ်ရပ်များ**

- အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း
- အစအန ပျောက်ဆုံးခြင်း
- အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ လူသားဒိုင်းလုပ်ခိုင်းခြင်း၊ ပေါ်တာဆွဲခြင်း၊

သင်တန်းသားများကို နမူနာပေးထားသည့် ဖြစ်ရပ်များနှင့်သက်ဆိုင်သော မေးခွန်းများအပေါ် ဆန်းစစ်ချက်များကို ပြန်ဆွေးနွေးတင်ပြခိုင်းပါ။

### လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း၊ ၁၅ မိနစ်

လေ့လာခဲ့ရသည့် သင်ခန်းစာများမှ မည်သည့်အရာများကို ပိုမိုသတိပြုမိသလဲ။ မှတ်တမ်းတင်သူတစ်ဦးအနေဖြင့် ချိုးဖောက်မှုများနှင့် ပတ်သက်၍ မည်ကဲ့သို့ဆင်ခြင်သုံးသပ်ရမည်လဲ။

လိုအပ်သည့် ပစ္စည်းများ

- နောက်ခံအကြောင်းရင်းနှင့်သက်ဆိုင်သည့် စာကြောင်းတို ၁၀ ခု
- ရာဇဝတ်မှုဇာတ်ညွှန်း ၈ ခု
- မေးခွန်းတို လေးစုံ
  - အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း
  - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း
  - အစအန ပျောက်ဆုံးခြင်း
  - အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ လူသားဒိုင်းလုပ်ခိုင်းခြင်း၊ ပေါ်တာဆွဲခြင်း၊

**စုစုပေါင်း မိနစ် ၁၈၀ မိနစ်**

# အခန်း (၂)

## လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် မူတည်ပြီး မေးခွန်းများပြင်ဆင်ခြင်း

**ရည်ရွယ်ချက်**

- ရရှိသည့် အချက်အလက်အပေါ် အခြေခံ၍ မေးခွန်းများ တည်ဆောက်နိုင်စေရန်
- ကောင်းမွန်ပြည့်စုံသည့် မှတ်တမ်းများရရှိဖို့ လိုအပ်သည့် အချက်အလက်များ သိရှိစေရန်

**လှုပ်ရှားမှု ၊.** **၅၅ မိနစ်**

**နည်းပြမှတ်ချက် -**

ဒေသအလိုက်ပေါ်မူတည်ပြီး မြန်မာနိုင်ငံအနှံ့တွင် မတူညီကွဲပြားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာရှိနေသည်ကို မြင်တွေ့ နေရသည်။ သို့သော် အောက်ပါ ခေါင်းစဉ် (၄) ခုသည် မည်သည့်ဒေသတွင်မဆို အမြဲတမ်း လိုလို ချိုးဖောက်ခံနေရသည့် အတွက်ကြောင့် အချက်အလက် ကောက်ယူ မှတ်တမ်းတင်ရာတွင် အရေးကြီးသည့်အပိုင်း ပါဝင်စေရန်အတွက် ခေါင်းစဉ်တစ်ခုချင်းစီအတွက် မေးခွန်းတည်ဆောက်မှု များကို လေ့လာသွားမည် ဖြစ်ပါသည်။



မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုမဆို မေးခွန်းများ စတင်မေးမြန်းတော့မည်ဆိုရင် ပထမဦးဆုံး ဘာမေးသင့်လဲ၊ ဘာတွေသိချင်လို့ ဘယ်လိုမေးခွန်းတွေမေးမလဲ၊ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး မိမိ၏ ရည်ရွယ်ချက်က ဘာလဲ၊ ဘာကြောင့် ဒီလိုမေးခွန်းတွေမေးဖို့ လိုအပ်လဲ စသဖြင့် မိမိဦးတည်ချက်

ကို ရှင်းလင်းရန် လိုအပ်သည်။ ထို့ကြောင့် လှုပ်ရှားမှုအနေဖြင့် သင်တန်းသားများကို အဖွဲ့ (၄) ဖွဲ့ခွဲပါ။ ထို့နောက် အဖွဲ့တစ်ခုစီကို

- ဖြစ်ရပ်တစ်ခုစီပေး၍ ဖတ်ရှုစေပြီး ထိုဖြစ်ရပ်အပေါ် မူတည်၍ မေးမြန်းရမည့် မေးခွန်းပုံစံများကို တည် ဆောက်ခိုင်းပါ။

**ဆွေးနွေးခြင်း၊** ၃၀ မိနစ်

ရရှိလာသော အချက်အလက်များကို ပြန်လည်တင်ပြစေပြီး နည်းပြမှ တစ်ဖွဲ့ချင်းဆွေးနွေးမှုများ အပေါ် ဆွေးနွေးရှင်းပြပါ။

**Break Time** ၅ မိနစ်

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊** ၁၅ မိနစ်

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေနှင့် အကိုက်ညီဆုံးသော ရာဇဝတ်မှု ၄ ခုအကြောင်းကို အသေးစိတ်ဆွေးနွေး၍ မေးခွန်းတည်ဆောက်မှုပုံစံများကို လေ့လာကြမည်ဖြစ်ပြီး လိုအပ်ပါက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေပြီးဖြစ်သော လူ့အခွင့်အရေးမှတ်တမ်းပြုခြင်း လက်စွဲ စာစဉ်များ (၂၀၁၉) စာအုပ်တွင် လေ့လာကြည့်ရှုနိုင်သည်။

**(က) မတရားဖမ်းဆီးချုပ်နှောင်ခြင်း**

မတရားဖမ်းဆီးခြင်းဆိုရာတွင် လူတစ်ဦး၏ လွတ်လပ်မှုကို ထိခိုက်စေပြီး တရားဥပဒေမဲ့စွာ လက်လွတ်စပယ် ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်း၊ အဝေးသို့ ပို့ဆောင်ခြင်း စသဖြင့် ပြုလုပ်လေ့ရှိပါသည်။ သို့ဖြစ်ပါ၍ မတရား ဖမ်းဆီးခြင်း အကြောင်းကို မှတ်တမ်းတင်တော့မည်ဆိုလျှင် အောက်ပါမေးခွန်းများပါအောင် ပေးရမည်ဖြစ် ပါသည်။

၁) အချိန် (ရက်၊ လ၊ ခုနှစ်)

၂) ဖမ်းဆီးသွားသည့် အဖွဲ့အစည်း၊ ခန့်မှန်းခြေအင်အား

၃) ဖမ်းဆီးခေါ်ဆောင်သွားသည့်ပုံစံ (အိမ်မှာ၊ လမ်းမှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ပါ-မပါ၊ အတင်း အကြပ်၊ ကြိုးတုတ် စသဖြင့်၊ ယူနီဖောင်း ဝတ်ဆင်မှု ရှိ-မရှိ)

၄) ဖမ်းဆီးသွားသည့် အကြောင်းအရင်း/ ဘာကြောင့်ဖမ်းဆီးတာလဲ

၅) အခင်းမဖြစ်ပွားမီ (လက်နက်ကိုင်၊ စစ်တပ် လှုပ်ရှားမှု အခြေအနေ)

၆) ဖြစ်နေစဉ် အတွင်း အခြားကျူးလွန်မှု ရှိ-မရှိ (နှိပ်စက်၊ အိမ်ဖျက်ဆီး..)/ ဖြစ်ပွားပြီးနောက် လက်ရှိ ကျေးရွာ အခြေအနေ၊ ဖမ်းခံရသူများ၏ လက်ရှိ အခြေအနေ

၇) ပြန်လွတ်လာသည့် ပုံစံ (ခံဝန်ကတိ၊ အာမခံချက် စသဖြင့်)

**မှတ်ချက်** – မှတ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများ၏ အဖြေပေါ်မူတည်ပြီး သက်ဆိုင်ရာ အကြောင်းအရာအလိုက် နောက်ဆက်တွဲမေးခွန်း၊ ဆက်စပ်မေးခွန်းများ ဆက်မေးရန်လိုအပ် သလို မျက်မြင်သက်သေ၊ ပတ်ဝန်းကျင်၊ ကာယကံရှင်စသဖြင့် ဘက်ပေါင်းစုံမေးရန်လိုအပ်ပါသည်။

**(ခ) မတရားသတ်ဖြတ်ခြင်း**

မတရားသတ်ဖြတ်ခြင်းတွင် လူတစ်ဦး (သို့မဟုတ်) လူတစ်စု၏ အသက်ကို နည်းလမ်းမျိုးစုံ အသုံးပြုပြီး ရည်ရွယ် ချက်ရှိရှိ သေစေခြင်း ဖြစ်သည်။ မိမိ၏ ရန်သူ (စစ်သုံ့ပန်း) ဖြစ်စေ ဖမ်းဆီးမိပါက သတ်ဖြတ်ခြင်း မပြုလုပ်ရန် တား မြစ်ထားသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ဘေးကင်းလုံခြုံမှု အတွက်ပါ တာဝန်ယူပေးရမည်။ သို့ သော် မြန်မာနိုင်ငံတွင် အပြစ်မဲ့ပြည်သူများ၏ အသက်ကိုပါ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်းမျိုး ပြုလုပ်နေပါသည်။ သို့ဖြစ်ပါ၍ မတရားသတ်ဖြတ်မှု မှတ်တမ်းတင်ရာတွင် အောက်ပါမေးခွန်းများ ထည့်သွင်းမေးမြန်းရန် လိုအပ်ပါသည်။

၁) အချိန် (ရက်၊ လ၊ ခုနှစ်၊ နာရီ)

၂) နေရာ (မည်သည့်နေရာတွင် အသတ်ခံရတာလဲ၊)

၃) အသတ်မခံရမီ အခြေအနေ (ချက်ချင်းပစ်သတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ပြီးမှ သတ်ဖြတ်ခြင်း)

၄) သတ်ဖြတ်သည့် အကြောင်းရင်း (ဘာကြောင့်သတ်တာလဲ၊ ဘာတွေမေးမြန်းတာလဲ)

၅) ကျူးလွန်သူအုပ်စု ပေါ်လွင်ဖို့ (ဘယ်သူကျူးလွန်၊ အရာရှိ၊ လက်အောက်ငယ်၊ တပ်ရင်း)

၆) တိုက်ပွဲကာလ (သို့) စစ်ရေးလှုပ်ရှားနေစဉ်

၇) သတ်ခံရခြင်းနဲ့ ပတ်သက်ပြီး ကြားသိရသည့် ပုံစံ (ကျူးလွန်သူမှ အကြောင်းကြား (သို့) တဆင့် ကြားသိရခြင်း

၈) ရုပ်အလောင်း ပြန်ရမှု ရှိ-မရှိ

၉) ဖမ်းထားသည့်/ သတ်ဖြတ်သည့် တပ်ဖွဲ့မှ တုံ့ပြန်ချက်များ

**မှတ်ချက်** – မှတ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများ၏ အဖြေပေါ်မူတည်ပြီး သက်ဆိုင်ရာ အကြောင်းအရာ အလိုက် နောက်ဆက်တွဲမေးခွန်း၊ ဆက်စပ်မေးခွန်းများ ဆက်မေးရန် လိုအပ် သလို မျက်မြင်သက်သေ၊ ပတ်ဝန်း ကျင်၊ ကာယကံရှင် စသဖြင့် ဘက်ပေါင်းစုံမေးရန် လိုအပ် ပါသည်။

## (ဂ) ညှဉ်းပန်းနှိပ်စက်ခြင်း

ညှဉ်းပန်းနှိပ်စက်ခြင်းတွင် လူတစ်ဦးထံမှ ရည်ရွယ်ချက်ရှိရှိ သိရှိလိုသော/ စစ်ဆေးလိုသော အကြောင်းအရာ ပေါ် အခြေခံပြီး ဖမ်းဆီးနှိပ်စက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ နာကျင်စေခြင်းမျိုး ပြုလုပ် ခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ ညှဉ်းပန်းနှိပ်စက်ခြင်းအား မှတ်တမ်းကောက်ယူပြုစုရာတွင် အောက်ပါမေးခွန်းများ ထည့်သွင်း မေးမြန်းရန်လိုအပ်ပါသည်။

၁) အချိန် (ရက်၊ လ၊ ခုနှစ်)

၂) ဖမ်းဆီးခေါ်ဆောင်ခံရသည့် ပုံစံ၊ ဘာကြောင့် ဖမ်းခံရတာလဲ

၃) ဘယ်လို ပုံစံ နှိပ်စက်ခံရတာလဲ (တိုက်ပိတ်ခြင်း၊ ကြိုးတုတ်ခြင်း၊ ခြောက်ပေါက်ထည့်ခြင်း၊ သေနတ်ဖြင့် ထု ခြင်း စသဖြင့် )

၄) ရိုက်နှက်ခံရနေစဉ် ဘာတွေမေးမြန်းတာလဲ၊ ဘာတွေပြောတာလဲ

၅) နှိပ်စက်သည့်အဖွဲ့အစည်း၊ အမှတ်အသား၊ ပုံစံ

၆) ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှု အခြေအနေ

၇) လက်ရှိ ကျန်းမာရေး အခြေအနေ (ရုပ်ပိုင်း၊ စိတ်ပိုင်း)

**မှတ်ချက်** – မှတ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများ၏ အဖြေပေါ်မူတည်ပြီး သက်ဆိုင်ရာ အကြောင်းအရာ အလိုက် နောက်ဆက်တွဲမေးခွန်း၊ ဆက်စပ်မေးခွန်းများ ဆက်မေးရန် လိုအပ် သလို မျက်မြင်သက်သေ၊ ပတ်ဝန်းကျင်၊ ကာယကံရှင် စသဖြင့် ဘက်ပေါင်းစုံမေးရန် လိုအပ်ပါ သည်။

### (ဃ) ပစ္စည်းဥစ္စာ သိမ်းယူဖျက်ဆီးခြင်း

ပစ္စည်းဥစ္စာ သိမ်းယူဖျက်ဆီးခြင်းတွင် ပြည်သူလူထု၏ ကိုယ်ပိုင်ပစ္စည်းများ သိမ်းယူဖျက်ဆီးခြင်း၊ အိမ်ထဲ ဝင်ရောက်မွှေနှောက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ မူလနေရာမှ အတင်းအကြပ် ရွှေ့ပြောင်းခြင်းမျိုးစသဖြင့် ကျူးလွန်ခြင်းဖြစ်သည်။ စစ်ပွဲဖြစ်ပွားနေသည့်နေရာ၊ ပြည်သူလူထုအပေါ် သဘာဝဘေးအအသက် အန္တရာယ် ကျရောက်မည့် အချိန်ဆိုလျှင် မူလနေရာမှ ရွှေ့ပြောင်းစေရန် စီစဉ်ဆောင်ရွက်နိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကိုယ်ပိုင်ပစ္စည်းအား နည်းမျိုးစုံဖြင့် ဖျက်ဆီးမှု ပြုလုပ်နေသည်ဖြစ်၍ မှတ်တမ်းကောက်ယူ စုဆောင်းရာတွင် အောက်ပါမေးခွန်းများ ထည့်သွင်းမေးမြန်းရန်လိုအပ်ပါသည်။

၁) အချိန် (ရက်၊ လ၊ ခုနှစ်)

၂) သိမ်းယူဖျက်ဆီးသည့် ပုံစံ(နေအိမ် တံခါးများဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ အတင်းအဓမ္မသိမ်းပိုက်ခြင်း)

၃) ပျက်ဆီး ဆုံးရှုံးသွားသည့် ပစ္စည်းအမျိုးအစားနှင့် တန်ဖိုးများ

၄) သိမ်းယူဖျက်ဆီးသည့် အကြောင်းအရင်း

၅) သိမ်းယူဖျက်ဆီးသည့် အဖွဲ့အစည်း

၆) ဖျက်ဆီး မီးရှို့ခံရသည့် အိမ်ခြေနှင့် အခြေအနေများ

၇) လက်ရှိ မိသားစု စားဝတ်နေရေးနှင့် နေထိုင်မှု အခြေအနေများ

**မှတ်ချက်** – မှတ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများ၏ အဖြေပေါ်မူတည်ပြီး သက်ဆိုင်ရာအကြောင်းအရာ အလိုက် နောက်ဆက်တွဲမေးခွန်း၊ ဆက်စပ်မေးခွန်းများ ဆက်မေးရန်လိုအပ်သလိုမျက်မြင်သက်သေ၊ ပတ်ဝန်းကျင်၊ ကာယကံရှင် စသဖြင့် ဘက်ပေါင်းစုံမေးရန် လိုအပ်ပါသည်။

**Break Time –** **၅ မိနစ်**

**လူ့အခွင့်အရေးချိုးဖောက်မှု ပေါ်လွင်စေရန် တည်ဆောက်ထားသည့် မေးခွန်းများကို ခြုံငုံလေ့လာသုံးသပ်ခြင်း၊** ၃၀ မိနစ်



**နည်းပြမှတ်ချက်-**

မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုမဆို မှတ်တမ်းကောက်ယူရာတွင် ကျူးလွန်ခံရသူ၊ ကျူးလွန်သူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ရန်လိုအပ်သလို ဘ (၆) လုံးပါ မေးခွန်းများ၊ နောက် ဆက်တွဲ မေးခွန်းများ မေးရန် လိုအပ်ပါသည်။ ထို့အပြင် ပြည့်စုံသည့်မှတ်တမ်းများ ရရှိစေရန် အောက်ပါမေးခွန်းများကိုလည်း လူ့အခွင့်အရေးချိုးဖောက်မှု ခေါင်းစဉ်တိုင်းတွင် ထည့်သွင်းမေးမြန်းရန် လိုအပ်ပါသည်။

**ဆက်စပ်မေးခွန်းများ**

- အာဏာပိုင်များမှ တိုက်ရိုက် (သို့) သွယ်ဝိုက် ကျူးလွန်မှု အခြေအနေ၊ ခေါင်းဆောင် ပါဝင်မှု ရှိ-မရှိ
- အခင်းဖြစ်နေစဉ် (တိုက်ပွဲအတွင်း၊ တိုက်ပွဲမဟုတ်သည့်အချိန်)
- ယခင်က ထိုနည်းတူ ဖြစ်စဉ်မျိုး ရှိ-မရှိ
- အခင်း မဖြစ်ပွားမီ၊ ဖြစ်နေစဉ်၊ ဖြစ်ပွားပြီးနောက် အခြေအနေ-အကျိုးဆက်
- နောက်ဆက်တွဲ ဖြစ်စဉ်အခြေအနေ
- ကျူးလွန်ခံရသူများ၏ သဘောဆန္ဒ (အမှန်တရား၊ တရားမျှတမှုပိုင်း)
- ဖြစ်ရပ်နှင့် ဆက်နွယ်သည့် သက်သေ အထောက်အထားများ (မျက်မြင်၊ ပစ္စည်း၊ စာရွက်စာတမ်း)

**နည်းပြမှတ်ချက် –**

မေးခွန်းများ မေးမြန်းရာတွင် မေးသင့်မေးထိုက်သည့် မေးခွန်းနှင့် မေးရန် မသင့်တော်သည့် မေးခွန်းများ ခွဲခြားသိရှိရန် လိုအပ်သလို ဖြေဆိုမည့်သူများ၏ လုံခြုံမှု၊ ဂုဏ်သိက္ခာများကို လည်း ထည့်သွင်းစဉ်း စားရန် လိုအပ်ပါသည်။



**စုစုပေါင်း မိနစ် (၁၈၀)** **၁၈၀ မိနစ်**

## လက်တွေ့မေးမြန်းမှုလုပ်ဆောင်ခြင်း

**ရည်ရွယ်ချက်**

လူ့အခွင့်အရေး ချိုးဖောက်မှု မှတ်တမ်းအား လက်တွေ့လုပ်ဆောင်ပြီး တွေ့ကြုံရသည့် အခက်အခဲများ ကျော်လွှားတတ်စေရန်။

**လှုပ်ရှားမှု – ၁။** **၃၀ မိနစ်**

သင်တန်းသားများမှ သက်ဆိုင်ရာ ဖြစ်စဉ်အလိုက် မေးခွန်းမေးမြန်းမည့် ပုံစံများကို ယခင်နေ့က ဆွေးနွေးခဲ့ကြပြီး ဖြစ်၍ သင်တန်းသားများမှ မြေပြင်တွင် လက်တွေ့ဆင်းသကဲ့သို့ မိမိအဖွဲ့ငယ်ဖြင့် တာဝန်ခွဲပြီး လုပ်ဆောင်ကြ မည်။ ပြီးခဲ့သည့်ရက်မှ လေ့လာထားသည့်အတိုင်း ဆောင်ရန်၊ ရှောင်ရန်များကို သတိပြုပြီး လက်တွေ့လုပ်ဆောင် ကြမည်။

အဖွဲ့ (၄)ဖွဲ့ခွဲပြီး မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်း ဖြစ်စဉ်(၄)ခုအပေါ် အခြေခံ၍ ပြင်ဆင်ထားခဲ့သည့် မေးခွန်းဖြင့် လက်တွေ့ အပြန်အလှန်မေးမြန်းမှု ပြုလုပ်မည်ဖြစ်သည်။

လက်တွေ့မလုပ်ဆောင်မီ အဖွဲ့တစ်ခုစီအလိုက် မေးခွန်းများပြန်လည် စစ်ဆေးခြင်း၊ တာဝန်ခွဲဝေပြီး လက်တွေ့ လုပ်ရာတွင် မေးမြန်းသူ၊ ဖြေကြားသူ၊ မှတ်တမ်းယူသူနှင့် ဓာတ်ပုံမှတ်တမ်းယူသူ စသဖြင့် ကြိုတင်ပြင်ဆင်ရန် အချိန် ၁၅ မိနစ် ပေး၍ ပြင်ဆင်စေပါ။

**လှုပ်ရှားမှု – ၂၊ ၆၀ မိနစ်**

ထို့နောက် လက်တွေ့တွေ့ဆုံမေးမြန်းမှုအတွက် ပြင်ဆင်ထားသည့် မေးခွန်းပုံစံကို အသုံးပြု၍ ဖြစ်ရပ်တစ်ခု ချင်းစီကို မေးမြန်းမှု ပြုလုပ်ပါ။

**Break Time – ၁၀ မိနစ်**

**ဆွေးနွေးခြင်း၊ ၆၀ မိနစ်**

လက်တွေ့လုပ်ဆောင်ပြီးပြီးနောက် ဆောင်ရွက်ခဲ့သည့် မေးမြန်းဆွေးနွေးမှုနှင့် ပတ်သက်၍ သင်တန်းသားများမှ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ဆွေးနွေး၍ ပိုမိုကောင်းမွန်သော တွေ့ဆုံမေးမြန်းမှု ဖြစ်လာစေရန် အကြံပြုချက်များကို ဆွေးနွေးစေပါ။ ထို့နောက်သင်တန်းဆရာမှ လက်တွေ့လုပ်ဆောင်မှုတွင် ပြည့်စုံသည့် မှတ်တမ်းဖြစ်မဖြစ်ကိုလည်းကောင်း၊ သတ်မှတ်ထားသည့် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကျင့်သုံးမှု ရှိမရှိကိုလည်းကောင်း၊ ဖြစ်စဉ်တခုခြင်းအလိုက် ပါဝင်ရမည့် အဓိက အချက်အလက်များ ပြည့်စုံမှု ရှိ၊ မရှိကို ပြောပြပေးပြီး သင်တန်းသားများ ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ဖြည့်စွက်ပေးရမည် ဖြစ်သည်။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့ လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း၊ ၂၀ မိနစ်**

လေ့လာခဲ့ရသည့် သင်ခန်းစာများမှ မည်သည့်အရာများကို သတိပြုမိသလဲ။ မှတ်တမ်းတင်သူတစ်ဦးအနေဖြင့် ချိုးဖောက်မှုများနှင့်ပတ်သက်၍ မေးခွန်းပြင်ဆင်ရာတွင်လည်းကောင်း၊ တွေ့ဆုံမေးမြန်းရာတွင်လည်းကောင်း ကောင်းမွန်ပြည့်စုံသော အချက်အလက်များ ရရှိမှတ်တမ်းတင်နိုင်ရန် အဖြေရှာ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးစေပါ။

**လိုအပ်သည့် ပစ္စည်းများ**

- ဒုတိယနေ့တွင် တည်ဆောက်ထားသည့် မေးခွန်းပုံစံများ။

**စုစုပေါင်း ၁၈၀ မိနစ်**

# အခန်း (၃)

## အမြင်ဆိုင်ရာ အချက်အလက်များ စုစည်းမှတ်တမ်းတင်ခြင်း

**ရည်ရွယ်ချက်**

- မှတ်တမ်းတင်ခြင်း လုပ်ဆောင်ရာတွင် ခိုင်လုံသည့်သက်သေ အချက်အလက်များ ရယူရန် လိုအပ်သည့် အချက်အလက်များကို သိရှိနားလည်လာစေရန်။
- အမြင်ဆိုင်ရာ မှတ်တမ်းတင်ခြင်း အဆင့်အား လက်တွေ့တွင် လုပ်ဆောင်သည့် နည်းနာများ သိရှိလာ စေရန်။

**လှုပ်ရှားမှု -၁၊ •** ၃၀ မိနစ်

မှတ်တမ်းတင်ရာတွင် အဖြစ်အပျက် ဖြစ်စဉ်၊ အင်တာဗျူး မေးမြန်းခြင်း၊ သက်သေပစ္စည်းများ စုဆောင်းခြင်းတို့သည် အရေးပါသည်။ အချက်အလက် မည်မျှပင် ပြည့်စုံကာမူ ဓာတ်ပုံမှတ်တမ်းသည် မိမိရရှိသည့် အချက်အ လက်အတွက် ပင်မအရေးပါဆုံးဖြစ်သည်။

အမြင်ဆိုင်ရာ အချက်အလက်များ စုစည်းခြင်းဆိုသည်မှာ မှတ်တမ်းကောက်ယူခြင်း မလုပ်ဆောင်မီ အခင်းဖြစ် ပွားရာတွင် မဖြစ်ပွားခင်၊ ဖြစ်နေစဉ်၊ ဖြစ်ပြီး စသည့် ကာလသုံးပါးအား မြင်နိုင်သည့်အချက်အလက်၊ အနေအထားများကို ဓာတ်ပုံ၊ ဗွီဒီယို သက်သေ မှတ်တမ်းများ ရယူထားခြင်းကို ဆိုလိုသည်။ အမြင်ဆိုင်ရာ အချက်အလက်ကို အွန်လိုင်း သို့မဟုတ် မြေပြင်အထိ သွားရောက် မှတ်တမ်းယူရာတွင် လုံခြုံမှုရှိရန် အရေးကြီးလှပါသည်။

ထို့ကြောင့် သင်တန်းသားများကို အဖွဲ့ ၃ ဖွဲ့ခွဲ၍ အောက်ပါမေးခွန်းများကို အဖွဲ့လိုက်ဆွေးနွေးစေပါ။

- ဘာကြောင့်အမြင်ဆိုင်ရာ အချက်အလက်များကို ကောက်ယူရန်လိုအပ်သလဲ။
- မည်သည့် အချက်အလက်များကို ကောက်ယူမည်လဲ။
- မည်သည့်နေရာများတွင် အမြင်ဆိုင်ရာအချက်အလက်များကို ရရှိနိုင်မလဲ။

အဖွဲ့ငယ်များအတွင်း ဆွေးနွေးမှုများကို ပြန်လည်တင်ပြ၍ လိုအပ်သည်များကို နည်းပြမှ ဖြည့်စွက် ဆွေးနွေးပါ။

## လှုပ်ရှားမှု – ၂။ ၁၅ မိနစ်

သင်တန်းနည်းပြမှ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုကို ဖြိုခွင်းနေမှုများ၊ သတ်ဖြတ်မှုများ၊ မီးရှို့မှု များနှင့် သက်ဆိုင် သော ဓာတ်ပုံ/ဗီဒီယိုများကို ပြင်ဆင်ထား၍ သင်တန်းသားများကို အဆိုပါဓာတ်ပုံ သို့မဟုတ် ဗီဒီယိုဖိုင်ကို ပြသကာ မည်သည့်ဖော်ပြချက်များကို တွေ့မြင်ရသလဲဆိုသည်ကို ဆွေးနွေးစေ ၍ အမြင်ဆိုင်ရာအချက်အလက်များ ၏ အရေးပါမှုနှင့် အဓိကကျသော သက်သေအထောက်အထားတို့ကို ဆွေးနွေးပါ။

## အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း။ ၃၀ မိနစ်

အမြင်ဆိုင်ရာ အချက်အလက်များ ရယူနိုင်သည့် လူပုဂ္ဂိုလ်များ၊ အခင်းဖြစ်ရပ်များနှင့် သက်သေ များတွင် အောက်ပါ တို့ပါဝင်သည်။

### ကျူးလွန်ခံရသူ

ကျူးလွန်သူမှ ကျူးလွန်ချိုးဖောက်နေစဉ် ကာလသုံးပါးအတွင်း ကျူးလွန်ခံရသူ၏ ကိုယ်ရေး အကျဉ်း၊ အလုပ်အကိုင်၊ ဓာတ်ပုံမှတ်တမ်းများ ရယူခြင်းဖြင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် အခြေအနေ ကို လေ့လာသိရှိနိုင်မည်။

### မြေပြင်အနေအထား

ဖြစ်စဉ် မဖြစ်ပွားခင်၊ ဖြစ်နေစဉ်၊ ဖြစ်ပြီးကာလအတွင်း အခင်းဖြစ်ပွားသည့် နေရာနှင့် အနီးအနား တွင် ပြောင်းလဲ မှု ရှိ၊ မရှိကို လေ့လာ အကဲခတ်ရမည်။

### အခြားသက်သေ အထောက်အထားများ

မှတ်တမ်းတင်ခြင်း လုပ်ဆောင်ရာတွင် မိမိတွေ့ရှိသည့် ပစ္စည်း၊ လူနှင့်အခြားသော သက်သေ အထောက်အထား များဖြစ်သည် (ဥပမာ– ကျည်ခွံ၊ သေဆုံးသွားသူ၏ ရုပ်ကြွင်း၊ မီးရှို့ခံထားရသည့် အိုးအိမ်၊ ပစ္စည်းများ စသဖြင့်)။

### သွားရောက်ရန်ခက်ခဲသော ဧရိယာများ စုံစမ်းခြင်း

အရေးပေါ်သွားရန် မဖြစ်နိုင်သော နေရာများ၊ တိုက်ပွဲဖြစ်ပွားသည့် အခြေအနေနှင့် လက်နက်ကိုင်များ ပေါများပြီး အချက်အလက် ကောက်ခံသူ၏ လုံခြုံရေးကိုထိခိုက်စေသည့် အခြေအနေများကို သေချာစွာစုံစမ်းပြီး သွားရမည်။

### ထောက်ခံချက်မှန်ကန်ကြောင်း အတည်ပြုရန် ကြိုးစားရန်

မိမိထံရောက်ရှိလာသည့် အချက်အလက်မှန်သမျှကို စုံစမ်းခြင်းမပြုလုပ်ဘဲ မှန်ကန်သည်ဟု မယူဆပါနှင့်။ အခင်းဖြစ်ပွားသည့် နေရာ၊ အချိန်၊ ပါဝင်သည့် သူများနှင့် သက်သေအချက်အလက်များကို အွန်လိုင်းဖြင့်ဖြစ်စေ၊ လူတွေ့ အတည်ပြုခြင်းဖြင့်ဖြစ်စေ လုပ်ဆောင်ရပါမည်။

### ဘယ်လိုလုပ်မှာလဲ? (ဇာတ်ညွှန်း၊ အထောက်အကူနှင့် စပ်ဆက်ပစ္စည်းများ)

ကြိုတင်ပြင်ဆင်ခြင်း၊ တွေ့ဆုံမည့်သူများနှင့် ကြိုတင်ညှိနှိုင်းခြင်း၊ မှတ်တမ်းတင်ရာတွင် မိမိအသုံးပြုမည့် ကင်မရာ၊ အသံဖမ်းစက်၊ စာအုပ် ဘောပင်နှင့် အခြားပစ္စည်းများ ပြင်ဆင်ခြင်းနှင့် ဖြစ်စဉ်နှင့်ဆက်စပ်သည့် သက်သေများကို ပြင်ဆင်လုပ်ဆောင်ခြင်း ဖြစ်သည်။

### အမြင်ဆိုင်ရာ အချက်အလက်ယူရာတွင် အရေးပါသော သက်သေများ

သက်သေ အမျိုးအစားတွင် စကားပြောသည့် သက်သေ (လူသက်သေ) နှင့် စကားမပြောသည့် သက်သေ (ပစ္စည်းသက်သေ) ဖြစ်ပြီး။ လူသက်သေတွင် အဖြစ်အပျက်တွင် ပါဝင်သော ကျူးလွန်သူ၊ ခံရသူနှင့် မျက်မြင်သက်သေများ ပါဝင်သည်။ ပစ္စည်း သက်သေမှာ အခင်းဖြစ်ရာတွင် ရရှိသည့် မြေပြင်အနေအထား အချက်အလက်များ၊ ဓာတ်ပုံများ၊ ဆေးစစ်ချက်၊ ရဲမှတ်တမ်းနှင့် အခြားသော သက်သေများစွာပါဝင်သည်။

### သက်သေ ဓာတ်ပုံမှတ်တမ်း ရယူခြင်း


ဓာတ်ပုံမှတ်တမ်း သက်သေများ ယူရာတွင် မြင်ကွင်းကျယ်၊ အနီးမြင်ကွင်းနှင့် အနေတော်မြင်ကွင်းများအတိုင်း ရယူရမည်။

**Break Time –** ၁၀ မိနစ်

**လှုပ်ရှားမှု – ၃၊** ၂၅ မိနစ်

အမြင်ဆိုင်ရာ အချက်အလက်စုစည်း မှတ်တမ်းတင်မှုကို လက်တွေ့အားဖြင့် လုပ်ဆောင်တတ်စေရန် သင်တန်း သားများအား လှုပ်ရှားမှု (၂)ခုကို လုပ်ဆောင်ခိုင်းပါ။

သင်တန်းသားများမှ မိမိတို့ အနီးအနားရှိ အရာဝတ္ထုကို အနီး၊ အဝေး၊ အလယ်အလတ် မြင်ကွင်းဆိုင်ရာ အနေအထားဖြင့် ဓာတ်ပုံရိုက်စေပြီး ဖိုင်အမည်ကို မည်ကဲ့သို့ ပေးသင့်သလဲဆိုသည်ကို သင်တန်းအတွင်း ပြန်လည်မျှဝေ စေရမည်။ ထို့နောက် သင်တန်းဆရာမှ သင်တန်းသားများ တင်ပြသည့်အပေါ် ပြန်လည် ဖြည့်စွက်ဆွေးနွေးမည်။



# အခန်း (၄)

## အစီရင်ခံစာရေးသားခြင်း

**ရည်ရွယ်ချက်**

- လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို ထိရောက်စွာ အစီရင်ခံနိုင်စေရန်

**လှုပ်ရှားမှု၊** ၁၅ မိနစ်

သင်တန်းသားများအား ထိရောက်ကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရန် အဘယ်ကြောင့်လိုအပ်သလဲဆိုသည်ကို ဆွေးနွေးခိုင်းပါ။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊** ၃၀ မိနစ်

ထို့ကြောင့် အစီရင်ခံစာရေးသားရာတွင် အောက်ပါအင်္ဂါရပ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

- ■ သင့်တော်သည့် စကားလုံးအသုံးနှုန်းဖြင့် အသုံးပြုရန်။
- ■ ဖတ်ရှုသူ နားလည်ရန်အတွက် ပုံစံပါရှိရန်။
- ■ အစီရင်ခံစာ၏ အခြေခံဦးတည်ချက်နှင့် တသမတ်တည်းဖြစ်ရန်။
- ■ ရိုးရှင်းပြီး ကျစ်လျစ်ပြည့်စုံရန်။
- ■ အရှင်းလင်းဆုံး ပုံစံနှင့် အချက်အလက်များကို ဖော်ပြရန်။
- ■ တိကျသည့်အချက်အလက်များကို တိကျသည့် နည်းလမ်းဖြင့် တင်ပြရန်။
- ■ အချက်အလက်များကို ခွဲခြားစိစစ်ရန်နှင့် သဘောထားများကို တင်ပြရန်။
- ■ အခြေအနေများနှင့် ထင်ရှားသည့် ဖြစ်ပေါ်မှုများကို နှိုင်းယှဉ်ပြရန်။
- ■ နောက်ဆက်တွဲ ဆောင်ရွက်ချက်များနှင့် အကြံပြုမှတ်ချက်များ အဆိုပြုရန်။

ထို့အပြင် အစီရင်ခံစာရေးသားရာ၌ သတိပြုရမည့်အချက်များအနေဖြင့်

- ရက်စွဲများရေးရာတွင် ပုံသေ သတ်မှတ်ချက်ထားရန်။ (ဥပမာ – ရက်၊ လ၊ ခုနှစ် (သို့) လ၊ ရက်၊ ခုနှစ်)
- နေရာဒေသများ ရေးသားရာတွင် စနစ်တကျ စီစဉ်ရန်။ (ဥပမာ – ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ မြို့နယ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး)
- နေရာ ဒေသအမည်များကို တရားဝင် အမည်များဖြင့်ဖြင့် ရေးသားရန်။
- အဖွဲ့အစည်းအမည်များ၊ ကုမ္ပဏီ အမည်များကို အစပိုင်းတွင် မူရင်းအမည်အတိုင်း ရေးပြီး နောက်မှ အမည် အတိုကောက်ကို ရေးရန်။
- မသေချာသည့်အရာများကို ထည့်သွင်းရေးသားခြင်း မပြုရန်။
- ရာထူး၊ တာဝန်များကို တိကျစွာရေးသားရန် လိုအပ်သည်။

**ထိရောက်ကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရန်အတွက်**

- ရှင်းလင်း လွယ်ကူပြီး စာဖတ်သူ နားလည်နိုင်ခြင်း
- ကျစ်လျစ်မှုရှိပြီး လိုရင်း တိုရှင်းဖြစ်ခြင်း
- အချက်အလက် ပြည့်စုံမှုရှိခြင်း
- အစီရင်ခံစာပါ အစိတ်အပိုင်းတိုင်း မှန်ကန်မှုရှိခြင်းတို့ ဖြစ်စေရမည်။

**ဆွေးနွေးခြင်း၊** **၁၅ မိနစ်**

- သင်တန်းသားများအား အစီရင်ခံစာရေးသားရာတွင် ရှင်းလင်းတိကျစွာ ဖြည့်သွင်းနိုင်ရန်အတွက် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ အသုံးပြုလျှက်ရှိသည့် မှတ်တမ်းကောက်ယူသည့် နမူ နာပုံစံကိုပြ၍ လိုအပ်သည့်အချက်အလက်များအကြောင်းကို ဆွေးနွေးရှင်းပြပါ။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း၊** **၁၀ မိနစ်**

လေ့လာခဲ့ရသည့် သင်ခန်းစာများမှ မည်သည့်အရာများကို ပိုမိုသတိပြုမိသလဲ။ မှတ်တမ်းတင်သူတစ်ဦးအနေဖြင့် ချိုးဖောက်မှုများနှင့် ပတ်သက်၍ မည်ကဲ့သို့ဆင်ခြင်သုံးသပ်ရမည်လဲ။

လိုအပ်သည့် ပစ္စည်းများ

- ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကို ဖြိုခွင်းနေမှုများ၊ သတ်ဖြတ်မှုများ၊ မီးရှို့မှုများနှင့်သက်ဆိုင် သော ဓာတ်ပုံ/ဗီဒီယိုများ
- လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ အသုံးပြုလျက်ရှိသည့် မှတ်တမ်းကောက်ယူ သည့် နမူနာပုံစံ

**စုစုပေါင်း မိနစ်** ၁၈၀ မိနစ်

# အခန်း (၉)

## အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု

### ရည်ရွယ်ချက်

- လူ့အခွင့်အရေးချိုးဖေါက်မှုများ နှင့်ပတ်သက်၍ နစ်နာခံစားခဲ့ရသူများကို တရားမျှတမှုတစ်စုံတရာ ပြန်လည်ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပုံနည်းလမ်းများကို နားလည်သဘောပေါက်စေရန်။
- အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့၊ အသားအရောင်ခွဲခြားမှုမှ တန်းတူညီမျှသည့် လူ့ဘောင်သို့၊ ပြည်တွင်းစစ် ဖြစ်ပွားနေရာမှ ငြိမ်းချမ်းရေးရှိသည့် အခြေအနေသို့ ကူးပြောင်းရာတွင် အသွင်ကူးပြောင်း မှုဆိုင်ရာ တရားမျှတမှု၏ အခြေခံသဘောတရားများကို သိရှိလာစေရန်။
- အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု၏ လုပ်ငန်းယန္တရားများအကြောင်း သိရှိလာစေရန်။

**လှုပ်ရှားမှု – ၁၊** **၄၅ မိနစ်**

မှတ်တမ်းတင်ခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်များ အမှန်တကယ် ဖြစ်ပွားခဲ့ခြင်းကို သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ဖော်ထုတ် တင်ပြနိုင်ရန်၊ ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့် ဓလေ့ဆိုးကို တိုက်ဖျက်ရန်၊ အတိတ်ကာလတွင်နစ်နာ ခံစားခဲ့ရသူများအတွက် တ ရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်ပေးနိုင်ရန် ဖြစ်သည်။ ထို့အတွက်ကြောင့် မှတ်တမ်းကောက်ယူထားသည့် အချက်အလက်များကို အသုံးပြု၍ အနာဂတ်ကာလတွင် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ သင်ခန်းစာကို ဆွေးနွေးမည်ဖြစ်သည်။

ထို့ကြောင့် လှုပ်ရှားမှုတစ်ခုဖြင့် စတင်ပါ။

**နည်းပြမှတ်ချက် –**

သင်တန်းသားများကို အခန်း (၃) ခန်းပြင်ထားပါ။ နံပါတ် (၃) မေးခွန်းသည် ရာဇဝတ် တရားမျှတမှု၊ လူမှုတရားမျှတမှုနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို ချိတ်ဆက်နိုင်ရန်အတွက် မေးရန် ဖြစ်သည်။



- ကောက်ယူပြုစုထားတဲ့ မှတ်တမ်းတွေ မှားသွားရင် ဘာဖြစ်နိုင်သလဲ။
- ကောက်ယူစုဆောင်းထားတဲ့ မှတ်တမ်းများကို ဘယ်နေရာမှာ အသုံးပြုနိုင်မလဲ။
- တရားမျှတမှုကို ရှာဖွေတဲ့အခါမှာ ဘယ်လိုနည်းလမ်းတွေနဲ့ ရှာဖွေနိုင်မလဲ။ ဆိုတဲ့ မေးခွန်း (၃) ခုကို အဖွဲ့လိုက် ဆွေးနွေးခိုင်းပါ။

ထို့နောက် သင်တန်းသားများကို အဖွဲ့လိုက် ပြန်လည်တင်ပြစေ၍ လိုအပ်သည်များကို နည်းပြမှ ဖြည့်စွက်ပါ။

**အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း၊** ၄၅ မိနစ်

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင်ပါဝင်သည့် စကားရပ်နှစ်ခုဖြစ်သည့် “အကူးအပြောင်း” နှင့် “တရားမျှတမှု” ၏ အဓိပ္ပာယ်ကို ရှင်းလင်းဆွေးနွေးရမည်ဖြစ်သည်။

- “အကူးအပြောင်း” ဆိုသည်မှာ လှုပ်ရှားမှုတစ်ခု၊ အခြေအနေတစ်ခု၊ စနစ်တစ်ခု တစ်ခုမှတစ်ခုသို့ ပြောင်းခြင်း ဖြစ်သည်။
- “တရားမျှတမှု” ဆိုသည်မှာ ကျင့်ဝတ်အရ၊ ဆင်ခြင်တုံတရားအရ၊ ဥပဒေအရ၊ ဘာသာရေးအရ၊ တန်းတူညီမျှရေးအရနှင့် သင့်တော်မျှတမှုအရ ကိုယ်ကျင့်တရားဆိုင်ရာ သဘောတရားများအပေါ်

အခြေခံလျှက် မှန်ကန်သည်ဟု လူ့အဖွဲ့အစည်းတစ်ရပ်က သတ်မှတ်ထားသည့် အရာကိုတရားမျှတမှုဟု ခေါ်ဆိုသည်။

အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ–

“အသွင်ကူးပြောင်းရေး ဆိုင်ရာတရားမျှတမှုဆိုသည်မှာ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းရာတွင်လည်းကောင်း၊ ပြည်တွင်းစစ် ပဋိပက္ခများ ချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးဖြစ်စဉ်သို့ကူးပြောင်းရာတွင်လည်းကောင်း၊ အတိတ်ကာလအတွင်းက နေရာအနှံ့၌ စနစ်တကျ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့သောလူ့အခွင့်အရေး ချိုးဖေါက်မှုများကို တရားစွဲဆို အပြစ်ပေးခြင်းနည်းလမ်းများ၊ တရားစွဲဆို အပြစ်ပေးခြင်းမျိုး မဟုတ်သော နည်းလမ်းများဖြင့် ပြန်လည်ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်ဖြစ်သည်။”

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ ယန္တရား (၄) ခုမှာ အမှုမှန် (အမှန်တရား) ပေါ်ပေါက်ရေးလုပ်ငန်းစဉ်၊ တရားစွဲဆိုအပြစ်ပေးရေးလုပ်ငန်းစဉ်၊ ပြန်လည်ကုစားပေးလျော်ရေးလုပ်ငန်းစဉ်၊ ချိုးဖေါက်မှုများ ထပ်မံ မဖြစ်ပွါးရေး လုပ်ငန်းစဉ်ဟူ၍ ရှိသည်။

လိုအပ်ပါက လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေပြီးဖြစ်သော လူ့အခွင့်အရေး မှတ်တမ်း ပြုခြင်း သင်တန်းဆရာလက်စွဲ (၂၀၁၄) စာအုပ်တွင် လေ့လာကြည့်ရှုနိုင်သည်။

**Break Time –** **၅ မိနစ်**

**လှုပ်ရှားမှု – ၂။** **၄၀ မိနစ်**

မြန်မာနိုင်ငံအတွင်း အတိတ်ကာလ၌ လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားရှိရာ ထိုအထဲမှ ချိုးဖောက်မှုတချို့ကိုဆွေးနွေးရန်အတွက် လှုပ်ရှားမှုအဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုဖိုင်တစ်ခုကိုပြ၍ အဆိုပါ ဗီဒီယိုဖိုင်ထဲမှ ဖြစ်ရပ်များနှင့် လက်ရှိအချိန်ဖြစ် ပွားနေသော အခြေအနေများကို ချိတ်ဆက်၍ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်သင့်သလဲ ဆိုသည်ကို သင် တန်းသားများအား ဆွေးနွေးစေပါ။

**လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း။** **၄၀ မိနစ်**

**သင်တန်းသားများကို အခန်း (၄) ခန်းခွဲပါ။ အောက်ပါ မေးခွန်းများအား ဆွေးနွေးစေပါ။**

- လူ့အခွင့်အရေးချိုးဖောက်ခံရသူ(နစ်နာသူ)များ စိတ်ကျေနပ်မှုရရှိစေရန် ဘယ်လိုအရာတွေ လုပ်ဆောင်ပေးဖို့ လိုအပ်သလဲ။
- လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွါးရန် ဘာတွေ လုပ်ဆောင်ဖို့ လိုသလဲ။
- တရားမျှတမှုရရှိစေရန် ကျူးလွန်သူများကို မည်သည့်နည်းလမ်းတွေနဲ့ ဖြေရှင်းလုပ်ဆောင်သင့်သလဲ။
- အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက်မှုများမှ နောက်မျိုးဆက်သစ်များ သင်ခန်းစာယူနိုင်ရန် ဘာတွေလုပ်ဆောင်သင့်သလဲ။

အဖွဲ့လိုက်ဆွေးနွေးမှုပြီးနောက် သင်တန်းသားများကို အဖွဲ့လိုက် ပြန်လည်တင်ပြစေပါ။ အသွင်ကူးပြောင်းမှု ဆိုင်ရာ တရားမျှတမှု ယန္တရားများထဲတွင် ပါဝင်သော အမှန်တရားရှာဖွေရေးလုပ်ငန်းစဉ်နှင့် တရားစွဲဆိုအပြစ် ပေးရေးလုပ်ငန်းစဉ်နှစ်ခုကို တောင်အာဖရိကနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဖြစ်ရပ်များနှင့်ချိတ်ဆက်၍ နည်းပြက ဖြည့်စွက်ဆွေးနွေးပါ။

**လေ့လာရသည့်သင်ခန်းစာမှ မည်ကဲ့သို့လုပ်ဆောင်နိုင်မလဲဆိုသည်ကို အဖြေရှာခြင်း၊** **၁၅ မိနစ်**

**လိုအပ်သည့် ပစ္စည်းများ**

- Victims' Voices ဗီဒီယိုဖိုင်
- တောင်အာဖရိကနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ Case Study နှစ်ခု

**စုစုပေါင်း မိနစ်** **၁၈၀ မိနစ်**

# လူ့အခွင့်အရေးချိုးဖောက်မှုများအား

# မှတ်တမ်းတင်ခြင်း

(မွမ်းမံ)

## သင်တန်းနည်းပြလက်စွဲ

သင် တန်း ပြ နည်း လက် စွဲ

မြန်မာနိုင်ငံ လူ့အခွင့်အရေး အဖွဲ့များ လူ့အခွင့်အရေး မှတ်တမ်းပြု ခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေး အတွက် နည်းလမ်းတရပ် ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄) ခုနှစ်တွင် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ကွန်ရက်၏အဖွဲ့ဝင် တို့သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်း အဝိုင်းများတွင် မည်သို့သော ဒုက္ခဝေဒနာများ ခံစားနေရ ပုံ အကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်းအသုံးပြု ကာ၊ လောလောဆယ် စည်းရုံးတိုက်တွန်း တင်ပြခြင်း နည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်းစိန်ခေါ် ရန် ကြိုးစားနေ ကြပါသည်။ ထို့အပြင် နိုင်ငံရေး အသွင် ကူးပြောင်း ရေးကာလတွင် တရားမျှတမှုနှင့် တာဝန်သိမှု ရှိသော လုပ်ဆောင်ချက် အစီအစဉ်များ အတွက် လည်း ကြိုတင် ပြင်ဆင်ထားရန် ကြိုးစားနေပါသည်။

လူ့အခွင့်အရေး မှတ်တမ်း ကွန်ရက် သည် ကွင်းဆင်း အချက်အလက် စုဆောင်းရေး လုပ်ငန်းများအတွက် သင်တန်းများလည်း ပေးပါသည်။

www.nd-burma.org